လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** May 2023

# မုန်တိုင်းဘေးဒဏ်ခံစားရနိုင်သည့် ပြည်သူများအတွက် ထိုင်းနိုင်ငံရောက်မြန်မာများက ခေါက်ဆွဲခြောက်များ လှူဒါန်းခြင်းနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခြင်း




**၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်နေ့** **နေပြည်တော်**

ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်း ရပ်ဝန်းသည် တဖြေးဖြေးအား ကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်း ဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် မုန်တိုင်းဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက် လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားသဘာဝဘေး အန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက DMC ဖွင့်လှစ်မှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပါ

သည်။ ထို့နောက် လုပ်ငန်းကော်မတီ အသီးသီးမှ ကိုယ်စားလှယ်များက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက် လမ်းညွှန်ဆွေးနွေးခဲ့ကြပါသည်။



သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန

ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစီး၍ (၈-၅-၂၀၂၃)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားကော်မတီ လက်အောက်ရှိ လုပ်ငန်းကော်မတီ (၁၂)ခုမှ အတွင်းရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများ စုပေါင်းတာဝန်ထမ်းဆောင်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre -DMC) လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပခြင်း



၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်နေ့ နေပြည်တော်

သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ(၆)အရ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၈-၅-၂၀၂၃) ရက်နေ့မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေး ကို (၉-၅-၂၀၂၃) ရက်နေ့တွင် အဆိုပါ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ ရာ အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြပါသည်။

ထိုအစည်းအဝေးတွင် လုပ်ငန်းကော်မတီများမှ တာဝန်ရှိများက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာနဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်းအခြေအနေ၊ နိုင်ငံတကာ မိုးလေဝသ Website များနှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များ၊ သုံးသပ်ချက် များ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရှာဖွေကယ်ဆယ် ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိမှု အခြေအနေ၊ လူနှင့် ပစ္စည်းများ ရွှေ့ပြောင်းရန် စီစဉ်ထားရှိမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရန် စီစဉ်ထားရှိမှု အခြေအနေ၊ ရေသန့်စင်ကားများ စီစဉ်ထားရှိမှု အခြေအနေ၊ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်၊ ယန္တရားများ ကြိုတင် စုဖွဲ့ ထားရှိမှုအခြေအနေ၊ Public Health Emergency Operation Centre (PBEOC) ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ဘေးသင့်ဒေသများတွင် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် Rapid Respond Team(RRT) များအား စေလွှတ်ပြီးစီးမှုနှင့် စေလွှတ်ရန် စီစဉ်နေမှု အခြေအနေ၊ ဆေးဝါးများ ပေးပို့ ထားရှိမှုနှင့် ဆက်လက်ပေးပို့ရန် စီစဉ်နေမှုအခြေအနေ၊ ပြည်သူများသို့ မုန်တိုင်းသတင်း ပေးပို့မှုအခြေအနေ၊ အသိပညာပေးမှုအခြေအနေ တို့အား ဆွေးနွေးတင်ပြကြ ပါသည်။



ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

ဝန်ကြီးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ မုန်တိုင်းဘေးတုံ့ပြန်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်စွာ ချိတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့** **နေပြည်တော်**

မုန်တိုင်းဘေး အရေးပေါ်တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC) နှင့် တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ အချိန်နှင့်တပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၀-၅-၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၁)၊ တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

ထိုအစည်းအဝေးတွင် အမျိုးသားသဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၁)နှင့် တိုင်းဒေသကြီး/ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ

ဝန်ကြီးများက နေပြည်တော်ကောင်စီနှင့်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ အရေးပေါ် အစည်းအဝေးများ ပြုလုပ်မှု၊ ရာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးအတွက် ကြိုတင်စီမံထားရှိမှု၊ အရေးပေါ်စားရေရိက္ခာများ ကြိုတင်စုစည်းထားရှိမှု၊ အရေးပေါ်ထပ်မံဝယ်ယူရန် လိုအပ်မည်ဆိုပါက ရရှိနိုင်ရေး ဒေသရှိကုန်သည်ကြီးများနှင့် ကြိုတင် ချိတ်ဆက်ထားရှိမှု၊ အရေးပေါ်ခိုလှုံရန်နေရာများ ကြိုတင် ရွေးချယ်ထားရှိမှု၊ အရေးပေါ် ရွှေ့ပြောင်းရေးစီစဉ်ထားရှိမှု၊ ယာဉ်/ စက်ယန္တရားများ၊ စက်သုံးဆီများ အသင့်ပြင်ဆင် ထားရှိမှု အခြေအနေများ၊ မိမိတိုင်းဒေသကြီး/ ပြည်နယ် များ အနေဖြင့် မုန်တိုင်းဘေး မကျရောက်ခဲ့သော်လည်း လိုအပ်ပါက အခြားဘေးသင့်ဒေသများသို့ အင်အား ဖြည့်ဆည်း ပူးပေါင်းပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဌာန ဆိုင်ရာများအပြင် ကြက်ခြေနီ၊ လူမှုရေးအသင်း အဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံထားရှိမှု အခြေအနေများ၊ ပြန်လည်ထူထောင်ရေးအတွက် ကြိုတင် ဆောင်ရွက်ထားရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မုန်တိုင်းလမ်းကြောင်း ကျရောက်နိုင်သည့် မြို့နယ်များအလိုက် ပိုမိုအလေးထား ကြိုတင်ပြင်ဆင်ထားရှိစေလိုပါကြောင်းနှင့် ပြည်ထောင်စုအဆင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဌာနများ အချိန်နှင့် တစ်ပြေးညီ ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre -DMC) လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

**၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့** **နေပြည်တော်**



သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC) ၏ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ (၁၁-၅-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်

ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူး များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



ထိုအစည်းအဝေးတွင် အမျိုးသားသဘာဝဘေး အန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ဒေါက်တာသက်သက်ခိုင် က အရေးပေါ်တုံ့ပြန်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ အရန်ဆန်တန်ချိန် (၁)သောင်းဝယ်ယူ ဖြန့်ခွဲမည့်အခြေအနေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။



ထို့နောက် DMC အဖွဲ့ဝင်ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားလှယ်မှ မုန်တိုင်းဒီရေ မြင့်တက်လာပါက ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြ ခဲ့ပါသည်။



ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယ ဥက္ကဋ္ဌ(၁)၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများလှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့** **နေပြည်တော်**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA) ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လှူဒါန်းရာတွင် လွယ်လင့်တကူ လှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကို (၁၇-၅-၂၀၂၃) ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။





ထို့နောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ဘဏ်များသို့ ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်မှု၊ စာရင်းပြောင်းနည်းလမ်းဖြင့် လှူဒါန်းနိုင်မှု အခြေအနေများ၊ အများပြည်သူ လွယ်ကူစွာ သိရှိနားလည်နိုင်ရေး အသိပေးကြေညာ ဆောင်ရွက်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသူများက နိုင်ငံခြားငွေ၊ မြန်မာငွေလှူဒါန်းနိုင်မည့်/လက်ခံရယူနိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းစဉ် မြန်ဆန်စေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြပါသည်။



ဆွေးနွေးမှုများအပေါ် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မိုခါ (MOCHA) ဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လွယ်လင့်တကူ လှူဒါန်းနိုင်ရန်အတွက် အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ASEAN-ERAT အဖွဲ့များမှ ရခိုင်ပြည်နယ်တွင် စစ်တမ်းကောက်ယူခဲ့သည့် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြခြင်း

**၂၀၂၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့** **နေပြည်တော်**

အာဆီယံ၏ One ASEAN One Response နှင့်အညီ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ် လေ့လာရေးအဖွဲ့ (ASEAN-ERAT) သည် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဘေးသင့်ဒေသများဖြစ်သော ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်များသို့ (၂၂-၅-၂၀၂၃) နေ့မှ (၂၅-၅-၂၀၂၃) နေ့အထိ ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ပါသည်။

အဆိုပါ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) ၏ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်များသို့ ကွင်းဆင်းစစ်တမ်းကောက်ယူမှုအတွက် တွေ့ရှိချက်နှင့် လုပ်ငန်းစဉ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို (၂၈.၅.၂၀၂၃) ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပ

ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ AHA Centre ၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး (လုပ်ငန်း)၊ AHA Centre မှ ဝန်ထမ်းများ နှင့် ASEAN-ERAT အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



## လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေး(နည်းပြ)သင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနား

**၂၀၂၃ ခုနှစ်၊ မေလ ၂၈ ရက်နေ့** **နေပြည်တော်**



ရန်ကုန်မြို့၊ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံ ကျောင်းတွင် (၁၂.၅.၂၀၂၃) ရက်နေ့၊ နံနက်(၉:၀၀)နာရီ တွင် ကျင်းပပြုလုပ်ခဲ့သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေး (နည်းပြ) သင်တန်း၊ သင်တန်းဆင်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းအား (၈.၅.၂၀၂၃) ရက်နေ့မှ (၁၂.၅.၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၃၀)ဦး တက်ရောက်ခဲ့ကြကြောင်း နှင့် အဆိုပါ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ဌာနဝန်ထမ်းများ၏ အရည်အသွေးနှင့် လူမှုသဟဇာတပညာရပ်ဆိုင်ရာ ခံယူချက်၊ အသိပညာများပြည့်ဝလာပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ဆောင်နိုင်မည့်အကျိုးကျေးဇူး များ ရရှိမည်ဖြစ်ပါသည်။

## SMIS စနစ် စတင်အသုံးပြုခြင်းအခမ်းအနား ကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့** **နေပြည်တော်**




လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေး နှစ်မှစတင်၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ၌ အကျုံးဝင်သည့် အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ ကြေး ပေးအပ်နိုင်ရေးအတွက် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management

Information System-SMIS) စနစ်စတင်အသုံးပြုခြင်း အခမ်းအနားကို ယနေ့ နံနက်(၀၉း၀၀) နာရီ အချိန်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော် (ကြည်း၊ရေ၊လေ)၊သတင်းနည်းပညာ ဌာန၊ ဌာနမှူးနှင့် နည်းပညာအရာရှိများ တက်ရောက်ခဲ့ကြပါသည်။



ထိုအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အားလုံး ကိုယ်စား နေပြည်တော်ကောင်စီ၊ လူမှုဝန်ထမ်းရုံးသို့ SMIS စနစ် စတင် အသုံးပြုခွင့်ကိုလည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေနုက SMIS စနစ်အသုံးပြုမည့် လူမှုဝန်ထမ်းဦးစီးဌာန ရုံးချုပ်ရှိ ဌာနခွဲများသို့ ကြီးကြပ် ဆောင်ရွက်ခွင့်ကိုလည်းကောင်း အသီးသီး ပေးအပ်ခဲ့ပါသည်။




ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့် ရှောက်ရေးလုပ်ငန်းများအတွက် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-SMIS)စနစ်ကို ၁၈-၅-၂၀၂၃ ရက်နေ့မှစ၍ စတင်အသုံးပြုပြီ ဖြစ်ကြောင်းကြေငြာကာ စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများပါဝင် တက်ရောက်ခြင်း

**၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့** **နေပြည်တော်**

မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုင်ရာ ဖိုရမ်အား မေလ (၂၂) ရက်နေ့တွင်လည်းကောင်း၊ (၁၈) ကြိမ်မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား မေလ (၂၃) ရက်နေ့တွင်လည်းကောင်း၊ (၁၇) ကြိမ်မြောက် အာဆီယံ




လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံ+၃ အစည်းအဝေးအား ဒီဇင်ဘာလ မေလ(၂၄) ရက်နေ့တွင်လည်းကောင်း Video Conferencing စနစ်ဖြင့် ကျင်းပပြု လုပ်ရာ မြန်မာနိုင်ငံမှ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး၏ Focal Person ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများ အရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ရှင်သန်ရေး ကူညီမှုအသင်း(Noble Heart)နှင့် ရွှေမြဝတီကိုဗစ်စင်တာ (K'Paw Htaw Foundation) တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

(၁၈) ကြိမ်မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ် ကာလအတွင်း ဒုတိယအကြိမ် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆု (2nd ASEAN Outstanding Social Welfare and Development Award- AOSWADA)ကို ချီးမြှင့်ပေးရာ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရှင်သန်ရေး ကူညီမှုအသင်း (Noble Heart) နှင့် ရွှေမြဝတီ ကိုဗစ် စင်တာ (K'Paw Htaw Foundation)တို့က ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး AOSWADA ဆုကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

## Case Management – Psychosocial Support ToT သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနား

**၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့** **ရန်ကုန်တိုင်းဒေသကြီး**




Case Management – Psychosocial Support ToT သင်တန်းကို (၁၅.၅.၂၀၂၃) ရက်နေ့မှ (၁၉.၅.၂၀၂၃) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့် ရှောက်ရေးဂေဟာ ဝင်းအတွင်းရှိ ICT Training Center တွင် ဖွင့်လှစ်လျက်ရှိပြီး နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခုမှ လူမှုဝန်ထမ်းဦးစီးဌာန၊ Case Manager (၃၀)ဦး တက်ရောက်လျက်ရှိပါသည်။ သင်တန်းတွင် Basic Counselling Skills၊ Gender Based Violence Counselling၊ Trauma Informed Care၊ Disaster Counselling ဘာသာရပ်များကို သင်ကြားပို့ချပေးလျက် ရှိပါသည်။

## သင်တန်းကျောင်းများတွင် စောင့်ရှောက်ထားသော ကလေးများအား ရပ်ရွာလူထုအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနေထိုင်နိုင်ရေးအတွက် လေ့ကျင့်ရေးအစီအစဉ်ရေးဆွဲရေး ညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခြင်း

**၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့** **ရန်ကုန်တိုင်းဒေသကြီး**



(၁၈.၅.၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ သင်တန်းကျောင်းများတွင် စောင့်ရှောက်ထားသောကလေးများအား ရပ်ရွာလူထုအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်း နေထိုင်နိုင်ရေးအတွက် လေ့ကျင့်ရေး အစီအစဉ်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်လူမှုဝန်ထမ်းရုံးများမှ ဦးစီးမှူးများ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ လူမှုရေးပညာရှင်များ၊ မိသားစု ရှာဖွေ ပေါင်းစည်းခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းအတွေ့အကြုံရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## (၂၆-၅-၂၀၂၃) ရက်နေ့၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့** **မွန်ပြည်နယ်**



ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၆-၅-၂၀၂၃) ရက်နေ့၊ မွန်းလွဲ (၁၃:၀၀) နာရီ အချိန် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ အကြံပြု ဆွေးနွေးတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ် များ ချမှတ်ကာ အစည်းအဝေးကို မွန်းလွဲ (၁၃:၅၀) နာရီ တွင် ရုပ်သိမ်းလိုက်ပါသည်။ အစည်းအဝေးသို့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့်ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား (၂၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## မုန်တိုင်းသင့်ပြည်သူများအား ထောက်ပံ့ရန်အတွက် ကယ်ဆယ်ရေးသိုလှောင်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့် ထောက်ပံ့ခြင်းတို့ကို အခြားသောဌာနဆိုင်ရာများဖြင့် ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်း



(၁၉.၅.၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် မင်္ဂလာဒုံလေတပ်စခန်း၌ ရခိုင်သို့ ပို့ဆောင်မည့် ကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော် လေယာဉ်ပေါ်သို့ တင်ဆောင်ခြင်းနှင့် စစ်တွေလေဆိပ်တွင် အဆိုပါပစ္စည်းများအား လေယာဉ်ပေါ်မှ သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။




(၂၀.၅.၂၀၂၃)ရက်နေ့မှ (၂၂.၅.၂၀၂၃) ရက်နေ့များတွင် စစ်တွေမြို့ သာသနာ့ဗိမ္မာန်ရှိ မုန်တိုင်းသင့် ပြည်သူများအတွက် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးသိုလှောင်ရုံ၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့မည့် ကယ်ဆယ်ရေးပစ္စည်း (၁၅)မျိုးအား ပြည်သူများထံ ထောက်ပံ့နိုင်ရန် ထုပ်ပိုးပြင်ဆင်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ (၂၃.၅.၂၀၂၃) ရက်နေ့တွင် ၎င်းအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်က လာရောက် စစ်ဆေးစဉ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပစ္စည်းများထားရှိမှုမှာ စနစ်တကျ ကောင်းမွန်သည့်အတွက် အခြားသိုလှောင်ပစ္စည်းများအား ပူးပေါင်းတာဝန်ယူ ပြင်ဆင်ပေးရန် ညွှန်ကြားချက်အရ အခြားသော ဌာနဆိုင်ရာများဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

(၂၄.၅.၂၀၂၃) ရက်နေ့တွင် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံး၌ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ရခိုင်ပြည်နယ်အတွင်း စိတ်လူမှုရေး ပိုင်းဆိုင်ရာပံ့ပိုး ကူညီနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂၅.၅.၂၀၂၃)ရက်နေ့တွင်စစ်တွေမြို့နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှု များသောရပ်ကွက်/ ကျေးရွာများသို့ စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးပေးရေး၊ လိုအပ်သည့် အထောက်အပံ့များ ချိတ်ဆက်ပံ့ပိုးပေးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများဖြင့် တွေ့ဆုံ၍ စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက် မည့်လုပ်ငန်းစဉ်များနှင့် ကွင်းဆင်းဆောင်ရွက်လိုသည့် ရပ်ကွက်/ကျေးရွာများ ရွေးချယ်ပေးရေး၊ လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

(၂၇.၅.၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား စစ်တွေမြို့နယ်တွင်ဆောင်ရွက်မည့် PSSလုပ်ငန်းစဉ်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရှင်းလင်းတင်ပြခြင်းနှင့် PSSဆောင်ရွက်မည့် ရပ်ကွက်/ကျေးရွာများသို့ ချိတ်ဆက်ဆက်သွယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ၏ ဘေးသတင်း




အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် (၁၄-၅-၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် (၁၄:၀၀) နာရီအချိန်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းမှ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင်(၃၀) မိုင်ခန့်၊ မောင်တောမြို့၏ တောင်ဘက် ရေမိုင်(၁၅၀) မိုင်ခန့်၊ ကျောက်ဖြူမြို့၏ အနောက်မြောက်ဘက် ရေမိုင် (၈၀) မိုင်ခန့်၊ ကော့ဘဇားမြို့၏ တောင်ဘက်ရေမိုင် (၈၅) မိုင် ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ ဗဟိုချက်လေဖိအား (၉၄၄) ဟက်တိုပါစကယ် ဖြင့် မြန်မာနိုင်ငံ၏ ရခိုင်ကမ်းရိုးတန်းဒေသကို အဓိက ဗဟိုပြု တိုက်ခတ်ခဲ့ပါသည်။ အဆိုပါ မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ ရခိုင်ပြည်နယ်၌ တစ်နာရီလျှင် မိုင်(၁၁၀) မှ (၁၂၀) နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီ လျှင်မိုင် (၇၀) မှ မိုင်(၉၀) နှုန်းဖြင့် ဝင်ရောက်တိုက်ခတ် ခဲ့ပါသည်။



(၁၄-၅-၂၀၂၃) ရက်နေ့တွင် အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လူနေအိမ်များနှင့် အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုနှင့် စပ်လျဉ်း၍ အာဆီယံ၏ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာသုံးသပ်ရေးအဖွဲ့ (ASEAN Emergency Response Team - ASEAN- ERAT ) အဖွဲ့ဝင်များမှ ရခိုင်ပြည်နယ်သို့ သွားရောက်၍ ပျက်စီးဆုံးရှုံးမှု စစ်တမ်းကောက်ယူခြင်းနှင့် အရေးပေါ်လိုအပ်ချက်များ အားသုံးသပ် အဖြေရှာ၍ ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ခြင်း အစီအစဉ်ကို (၂၈-၅-၂၀၂၃)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။




(၂၁-၅-၂၀၂၃)ရက်နေ့မှစတင် AHA Centre ၏ မလေးရှားနိုင်ငံ သိုလှောင်ရုံမှ လေယာဉ် လမ်းကြောင်း (၇)ကြောင်းဖြင့် မိုခါမုန်တိုင်းသင့်ဒေသရှိ ဘေးသင့်သူများထံ လူသားချင်းစာနာမှုထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ခဲ့ပါသည်။






## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ မေလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



(၁၀-၅-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ကုလားတန်း ကျေးရွာအုပ်စု၊ သံတဲကျေးရွာရှိ Cyclone Shelter တွင် ဘေးတစ်ခုအတွက် ပြင်ဆင်ထားမှု အခြေအနေအား လေ့လာခြင်း၊ တိုးမြှင့်ခြင်းနှင့် သုံးသပ်ခြင်းတို့ ပြုလုပ်ရန် ဘေးမဖြစ်မီ၊ ဖြစ်နေဆဲ၊ ဖြစ်ပြီးကာလများတွင် လုပ်ဆောင်ရမည့် အစီအစဉ်များကို လေ့ကျင့် တက်စေရန်နှင့် မုန်တိုင်းအန္တရာယ်ကြုံတွေ့လာပါက မုန်တိုင်းဘေးကို ကြံ့ကြံ့ခံ ရင်ဆိုင် ကျော်လွှားနိုင်စေရန်အတွက် ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်း၍ မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ မေလအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း



(၁၆-၅-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အမှုထမ်းများ လုပ်ငန်းအကြိုမွမ်းမံသင်တန်း အမှတ်စဉ် (၂) ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ မေလအတွင်း မုန်တိုင်းဘေးအသိပညာပေးသတင်း

(၆-၅-၂၀၂၃) ရက်နေ့တွင် တနင်္သာရီမြို့နယ် ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ အောင်မင်္ဂလာဈေးရှိ ပြည်သူများထံသို့ မုန်တိုင်းဘေး အသိပညာပေးလက်ကမ်းစာစောင်များ၊ ရေဘေး၊ မြေပြိုဘေး၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးဘေးလက်ကမ်းစာစောင်များကို ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၆-၅-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ် အတွင်းရှိ ဈေးများနှင့် အောင်မင်္ဂလာဈေးရှိ ပြည်သူများထံသို့ မုန်တိုင်းဘေး အသိပညာ ပေးလက်ကမ်းစာစောင်များ၊ ရေဘေး၊ မြေပြိုဘေး၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးဘေးလက်ကမ်းစာစောင်များကို ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၆-၅-၂၀၂၃) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြောင်းမြမြို့နယ်၊ ကျေးရွာများအတွင်းရှိ ပြည်သူ (၆၀၀) ဦးအား ဌာနဆိုင်ရာများ ပူပေါင်း၍ မုန်တိုင်းဘေးမကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီး လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဟောပြော ဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။



(၇-၅-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ထားဝယ်မြို့နယ်၊ စည်ပင်သာယာဈေးကြီးနှင့် ဈေးကြီးအနီးတဝိုက်ရှိဒေသခံ ပြည်သူများအား မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ရေဘေး၊ လေဘေး၊ သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန်များကို အသိပညာ ပေးခြင်းနှင့် လက်ကမ်းစာဆောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၇-၅-၂၀၂၃) ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကသာခရိုင်မြို့နယ်အတွင်းရှိ ပြည်သူများအား လေဖိအားနည်းရပ်ဝန်းမှ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲလာပြီး မုန်တိုင်းဘေး မကျရောက်မီ၊ ကျရောက်နေစဉ်နှင့် ကျရောက်ပြီး လိုက်နာဆောင်ရွက်ရမည့် အချက်များအား အသိပေးတိုက်တွန်း နှိုးဆော်မှုများဆောင်ရွက်ခဲ့ပါသည်။



(၇-၅-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်

ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ကလိန်အောင်မြို့၊ လူစည်ကားရာ နေရာများနှင့် ကလိန် ဆံတော်ရှင်နှင့် ဈေးအနီးတဝိုက်ရှိ ဒေသခံပြည်သူများအား မုန်တိုင်းဘေး အန္တရာယ်၊ ရေဘေး၊ လေပြင်းဘေးစသည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန် များကို အသိပညာပေးခြင်းနှင့် လက်ကမ်းစာဆောင်များ ဖြန့်ဝေဆောင် ရွက်ခဲ့ပါသည်။



(၈-၅-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ် ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသ ကြီး၊ လောင်လုံးမြို့နယ်၊ မြို့ပေါ်ရပ်ကွက်နှင့် စမ်းလှမ်း ကျေးရွာအနီးရှိ ဒေသခံပြည်သူများအား မုန်တိုင်းဘေး အန္တရာယ်၊ ရေဘေး၊ လေပြင်း ဘေးစသည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန် များကို အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။

(၈-၅-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ် ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသ ကြီး၊ လောင်လုံးမြို့နယ်၊ မြို့ပေါ်ရပ်ကွက်နှင့် စမ်းလှမ်း ကျေးရွာအနီးရှိ ဒေသခံပြည်သူများအား မုန်တိုင်းဘေး အန္တရာယ်၊ ရေဘေး၊ လေပြင်းဘေးစသည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန် များကို အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၈-၅-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသ ကြီး၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများအား မုန်တိုင်းနှင့် ပတ်သက်၍ သိကောင်းစရာများနှင့် ကြိုတင်ပြင်ဆင်ရမည့် အချက်များ ကို ဆွေးနွေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



(၈-၅-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသ ကြီး၊ ကျောက်တန်းမြို့နယ်၊ ခေတ်မီစံပြကျေးရွာ၊

အရှေ့ကျောင်းတိုက်၌ မုန်တိုင်းဘေးအန္တရာယ်၊ ရေဘေး၊ လေပြင်းဘေးစသည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန်များကို အသိပညာ ပေးခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေဆောင်ရွက် ခဲ့ပါသည်။




